*J. Myanmar Acad. Arts Sci. 2026* **Vol. XXIII. No.6**

# နိုင်ငံတော်ပိုင်သတင်းစာတို့မှ လူမှုရေးကြော်ငြာသတင်းရေးဟန်

ခင်နှင်းရီ[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းသည် နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သည့် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာတို့မှ ကြော်ငြာသတင်းရေးဟန်ကို ရေးဟန်ပညာရှုထောင့်မှ တင်ပြထားသောစာတမ်းဖြစ်သည်။ ထိုသို့ တင်ပြရာတွင် ရေးဟန်အမျိုးမျိုးရှိသည့်အနက် နိုင်ငံတော်ပိုင်သတင်းစာများတွင် လူမှုရေး ကြော်ငြာ သတင်းတို့၏ရေးဟန်ကို ဖော်ထုတ်တင်ပြလိုသော ရည်ရွယ်ချက်ဖြစ်သည်။ ထို့ကြောင့် ကြေးမုံနှင့် မြန်မာ့ အလင်းသတင်းစာ (၂၀၁၀-၂၀၁၈) တို့ကို လေ့လာမှုနယ်နိမိတ်အဖြစ် သတ်မှတ်ပြုစုထားပါသည်။ ဤစာတမ်းကို ဘာသာစကားနယ်ပယ်ရှိ ဘာသာဗေဒပညာရပ်ခွဲဖြစ်သော ရေးဟန်ပညာဖြင့် ချဉ်းကပ် လေ့လာပြုစုပါသည်။ ဤစာတမ်းသည် သတင်းအတတ်ပညာ လေ့လာမှုနှင့်ရေးဟန်ပညာ လေ့လာမှု တို့အတွက် အထောက်အကူပြုပါသည်။

**သော့ချက်ဝေါဟာရများ။** နိုင်ငံတော်ပိုင်သတင်းစာ၊ လူမှုရေးကြော်ငြာသတင်း၊ သတင်း အတတ်ပညာ၊ ကြော်ငြာသတင်းရေးဟန်၊ ဘာသာစကား နယ်ပယ်၊ ဘာသာဗေဒ၊ ရေးဟန်ပညာ၊

## နိဒါန်း

ဤစာတမ်းသည် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံ ပညာရှင်(၂၄)ကြိမ်မြောက် တင်သွင်းမည့် နိုင်ငံတော်ပိုင် သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာ(၂၀၁၀-၂၀၁၈)တို့မှ လူမှုရေး ကြော်ငြာသတင်းရေးဟန်ကို လေ့လာထားသည့် စာတမ်းဖြစ်ပါသည်။ နိုင်ငံတော်ပိုင်သတင်းစာတို့မှ "လူမှုရေး ကြော်ငြာသတင်းရေးဟန်"များကို ရေးဟန်ပညာနည်းနာတို့ဖြင့် ဘာသာစကားရှုထောင့်မှ ချဉ်းကပ်လေ့လာပါသည်။ ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတို့သည် နိုင်ငံတော်ပိုင်သတင်းစာများ ဖြစ်သည့် အားလျော်စွာ ပြည်သူများက အားကိုးအားထားပြုပြီး ဖတ်ရှုနေသော သတင်းစာများလည်း ဖြစ်သည်။ ယင်းသတင်းစာတို့မှ ကြော်ငြာသတင်းများတွင် ကြော်ငြာမှတစ်ဆင့် မိမိတို့နှင့်ဆက်စပ် ပတ်သက်သမျှ စီးပွားရေး၊ လူမှုရေးစသည့် ကိစ္စအဖြာဖြာကို နိုင်ငံတော်ပိုင် သတင်းစာတို့မှသိနိုင်သည်။ ထို့ပြင် ဖတ်ရှုလိုသောအကြောင်းအရာကို အချိန်တိုတိုအတွင်း သိရှိစေနိုင်စွမ်းရှိပြီး ကြော်ငြာသတင်းများ တွင်အသုံးပြုသော ရေးဟန်တို့အရ လူမှုကိစ္စအဖြာဖြာနှင့် ပတ်သက်သည်တို့ကိုသိရှိနိုင်သည်။ ကြော်ငြာ သတင်းများတွင်တွေ့ရသည့် စကားအသုံးအနှုန်းတို့မှတစ်ဆင့် လူမှုရေးကြော်ငြာ သတင်းရေးဟန်ကို ဤစာတမ်းတွင် သာဓကများဖြင့် ဖော်ထုတ်တင်ပြ ရှင်းလင်း ထားပါသည်။

## ရည်ရွယ်ချက်

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတို့တွင် "လူမှုရေး ကြော်ငြာရေးဟန်" ဆိုသည်မှာ လူမှုရေးရာအဖြာဖြာတို့နှင့် သက်ဆိုင်သော သာရေး၊ နာရေးစသည့်

[၁] ပညာရေးနည်းပညာနှင့်သတင်းဖြန့်ချိရေးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

ကိစ္စအရပ်ရပ်တို့နှင့်ပတ်သက်သော အကြောင်းအရာကို အများသူငါတို့ သိရှိစေလိုသောအခါ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်းကို "လူမှုရေးသတင်းကြော်ငြာရေးဟန်" ဟုဆိုလိုပါသည်။ ထို့ကြောင့် လူမှုရေးရာတို့နှင့်သက်ဆိုင်သော စေ့စပ်ကြောင်းလမ်းခြင်းသတင်း၊ လက်ထပ်ထိမ်းမြားခြင်း သတင်း၊ မင်္ဂလာဆုတောင်းလွှာများ ကြော်ငြာခြင်းသတင်း၊ ကွာရှင်းပြတ်စဲခြင်းသတင်း၊ သားသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်ခြင်းသတင်း၊ လူပျောက်ကြော်ငြာ၊ ပစ္စည်းပျောက်ကြော်ငြာ၊ နာရေးကြော်ငြာ စသည့်သတင်းများဖြစ်သည်။ ထိုအကြောင်းအရာများကို ဘာသာစကားရှုထောင့်မှ ရေးဟန်ပညာဖြင့် သိစေလို၍ ဤစာတမ်းကို ပြုစုပါသည်။

## သုတေသနမေးခွန်းနှင့်ပြဿနာ

ဤစာတမ်းကို ပြုစုရာတွင် သုတေသနမေးခွန်းနှင့်ပြဿနာများမှာ

- နိုင်ငံပိုင်သတင်းစာများ၏ ရေးဟန်သည် အခြားစကားပြေရေးဟန်များနှင့် မည်သို့ကွာခြားမှု ရှိသနည်း။
- ကြော်ငြာသတင်းရေးဟန်သည် မြန်မာစကားပြေလေ့လာမှုတွင် အထောက်အကူပြုမှု ရှိ၊ မရှိ၊ မည်သို့ အထောက်အပံ့ပြုပါသနည်း။
- ကြော်ငြာသတင်းရေးဟန်က သတင်းစာများ၏ ဂုဏ်ရည်နှင့်ကြော်ငြာ သတင်းအတတ် ပညာလေ့လာမှုတို့အတွက် မည်မျှအရေးပါသနည်း။ အတိုင်းအတာမည်မျှအထိ ပေါ်လွင်ထင်ရှားစေပါသနည်း။

စသည့် သုတေသနမေးခွန်းနှင့်ပြဿနာများတွေ့ရှိပါသည်။ သတင်းရေးဟန်တွင် အခြေခံအားဖြင့် ဘာကြောင့်၊ ဘယ်အချိန်၊ ဘယ်နေရာ၊ ဘယ်သူ၊ ဘာဖြစ်စသည့် "ဘ" ၆ လုံးကိုအခြေခံ ရေးသားရသော်လည်း ကြော်ငြာသတင်းရေးသားသည့် ရေးဟန်သည် အကြောင်းအရာပေါ်မူတည်၍ ရေးဟန်တို့ ပြောင်းလဲနိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတို့မှ လူမှုရေးကြော်ငြာများကို အခြေခံ၍ သတင်းအတတ်ပညာနှင့် ရေးဟန်ပညာဆိုင်ရာစာအုပ် စာတမ်းများ၊ ပညာရှင်များ၏ လမ်းညွှန် အကြံပေးမှုများကိုနည်းယူ၍ ပြုစုပါသည်။

## လေ့လာမှုနယ်ပယ်

အလေ့လာခံအနေဖြင့် နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများ (၂၀၁၀-၂၀၁၈) ကိုအခြေခံပြီးလေ့လာတင်ပြပါသည်။ ထိုသို့တင်ပြရာတွင် ရေးဟန်နှင့် သက်ဆိုင်သော စာအုပ်၊ စာတမ်းများ၊ သတင်းနှင့်သက်ဆိုင်သောစာအုပ်၊ စာတမ်းများဖြင့် စာတွေ့ သုတေသန လေ့လာမှုနယ်ပယ်အဖြစ် ဤစာတမ်းကို ပြုစုပါသည်။

## သုတေသနနောက်ခံ

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများ (၂၀၁၀-၂၀၁၈) တို့မှ လူမှုရေးကြော်ငြာရေးဟန်ကို သုတေသနနယ်နိမိတ်အဖြစ် သတ်မှတ်ထားပါသည်။ ဘာသာစကား ရှုထောင့်မှ သတင်းအတတ်ပညာနှင့် ဘာသာစကားဆိုင်ရာ ရေးဟန်ပညာလေ့လာမှုတို့ကို အခြေခံပြီး

သတင်းအတတ်ပညာဆိုင်ရာ တတ်သိနားလည်ကျွမ်းကျင်သော ပညာရှင်များထံ ကိုယ်တိုင်အသံဖမ်းစက်ဖြင့် အသံဖမ်း မှတ်တမ်းတင်ပြီး ပြုစုပါသည်။

**စာပေလေ့လာဆန်းစစ်ချက်**

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာတို့မှ လူမှုရေးကြော်ငြာ သတင်းရေးဟန်စာတမ်းကို ပြုစုရာတွင် ချဉ်းကပ်လေ့လာရမည့် (၁) ရေးဟန်ပညာဆိုင်ရာနည်းစနစ်ဖြင့် စာပေလေ့လာဆန်းစစ်ချက် (၂) စာအုပ်စာတမ်းကျမ်းစာပေဆိုင်ရာ စာပေလေ့လာဆန်းစစ်ချက် နှစ်မျိုးလုံး သုတေသနကျမ်းပြုစုထားခြင်းမရှိသေးသောကြောင့် တင်ပြလို၍ နှစ်ပိုင်းခွဲခြား၍ ဆန်းစစ်တင်ပြပြုစုထားပါသည်။

**နည်းနာ**

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သည့် ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများ၏ **သတင်းရေးဟန်**ကို **ပညာရပ်ဆိုင်ရာနည်းနာ**နှင့် **သုတေသနနည်းနာ** ဟူ၍ အပိုင်းနှစ်ပိုင်းခွဲ၍ လေ့လာတင်ပြပါသည်။

**ပညာရပ်ဆိုင်ရာနည်းနာ**

ပညာရပ်ဆိုင်ရာနည်းနာတွင်

(၁) ရေးဟန်နှင့်ရေးဟန်ပညာ

(၂) သတင်းအတတ်ပညာ တို့ဖြင့် ပြုစုထားပါသည်။

**ရေးဟန်နှင့်ရေးဟန်ပညာ**

ရေးဟန်ပညာနှင့်ပတ်သက်၍ ဆရာကြီး မောင်ခင်မင်(ဓနုဖြူ)က ရေးဟန်ပညာနိဒါန်း )၂၀၁၁( စာအုပ်တွင်

> **"ဘယ်လိုဘယ်ပုံရေးသည်' ဟူသော ရေးသားပုံကို ဆိုလိုခြင်းဖြစ်သည်။ စာရေးရာတွင် 'ဘာကိုရေးသည်' ဆိုသောအဆင့်နှင့် 'ဘယ်လိုရေးသည်' ဆိုသော အဆင့် ဟူ၍ အဆင့်နှစ်ဆင့်ရှိသည်။ ဘာကိုရေးသည်ဆိုသောအဆင့်သည် အကြောင်းအရာနှင့်ဆိုင်၍ ဘယ်လိုရေးသည်ဆိုသော အဆင့်သည် ရေးဟန်နှင့်ဆိုင်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်သည်။** (စာ ၁)

ဟူ၍လည်းကောင်း၊

ရေးဟန်ပညာကို စာပေရှုထောင့်သာမက ဘာသာစကားရှုထောင့်ကပါ လေ့လာထားပုံကို -

> **"ရေးဟန်ပညာသည် စာပေဆိုင်ရာရေးဟန်ပညာ၊ ဘာသာစကားဆိုင်ရာရေးဟန် ပညာ ဟူ၍ မကွဲမပြားဖြစ်တတ်ပါသည်။ ဤသို့ဖြစ်ရသည်မှာ စာပေလေ့လာမှုသည် အစဉ်အားဖြင့် စာပေပေါ်တွင် ဗဟိုပြုသည်။ ဘာသာစကားလေ့လာမှုမှာမူ ဘာသာဗေဒ ၏ ပုံစံ၊**

**သို့မဟုတ် တန်ဆာပလာများပေါ်တွင် အခြေခံသည့်အပြင် ဘာသာဗေဒပုံစံ မွမ်းမံမှုမျိုး ဖြင့်လည်း အာနိသင်ရှိသော ရေးဟန်စိစစ်မှုမျိုးကို ပြုလုပ်တတ်ခြင်းကြောင့် ဖြစ်ပါသည်**"

ဟူ၍လည်းကောင်း ရှင်းလင်းသုံးသပ်ထားပါသည်။ ထို့ကြောင့် ရေးဟန်ပညာ၏ သဘောသဘာဝသည် စာပေလေ့လာမှုရော ဘာသာစကားလေ့လာမှုကိုပါ ခွဲခြမ်းစိတ်ဖြာ လေ့လာသော ပညာရပ်နယ်ပယ် တစ်ခုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

**သတင်းအတတ်ပညာ**

သတင်းတစ်ပုဒ်ရေးသားရာတွင် သတင်းခေါင်းစဉ်နှင့် သတင်းကိုယ်ထည်ဟူ၍ ပိုင်းခြားနိုင်ပါသည်။ "သတင်းခြေဆင်း"တွင် သတင်း၏အရေးကြီးသောအချက်များကို ရေးသားဖော်ပြရသည်။ ထိုသို့ ရေးသားရာတွင် သတင်းစာဆရာကြီးများ အစဉ်ဆက်ရေးသားခဲ့ကြသော 'ဘ' ခြောက်လုံးဖြစ်သည်။ 'ဘာကြောင့်'၊ 'ဘယ်အချိန်'၊ 'ဘယ်နေရာ' ၊ 'ဘယ်သူ'၊ 'ဘယ်လို'၊ "ဘာဖြစ်" စသည့်အချက်များဖြင့် ရေးသားကြသည်။ သတင်းရေးသားခြင်း အတတ်ပညာတွင် သတင်းခြေဆင်း ရေးသားနည်းနှစ်မျိုး ရှိသည်။ ယင်းတို့မှာ-

(၁) တိုက်ရိုက်ရေးသားဖော်ပြသည့် သတင်းခြေဆင်းပုံစံ


(၂) သိုင်းဝိုင်းကာရေးသည့် သတင်းခြေဆင်းပုံစံတို့ဖြစ်သည်။ ထိုရေးသားနည်းမှာ သတင်းစာ သမားတို့ အစဉ်အဆက်လေ့လာအသုံးပြုခဲ့ကြ၍ ရေးနည်းပုံစံနှစ်မျိုးကို လေ့လာ ကြည့်လျှင်

(၁**) ပိရမစ်ပုံစံသတင်းရေးနည်း - Pyramid Form** နှင့်

(၂) **ပိရမစ်ပြောင်းပြန်ပုံစံသတင်းရေးနည်း-Inverted Pyramid Form** တို့ဖြစ်သည်။

"ပိရမစ်ပုံစံသတင်းရေးနည်း" သည် သတင်းဖြစ်စဉ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ရေးသားခြင်းဖြစ်သည်။ **သတင်းအစတွင် သတင်းခြေဆင်း** '**Lead Paragraph**' တွင် သာမန်မျှရေးသား ပြီးနောက် သတင်း၏ဆိုလိုချက်နှင့် အနှစ်သာရကို ဆက်လက်ဖော်ပြသည်။ ထို့နောက် သတင်း၏ အရေးပါသော အချက်အလက်များကို တစ်ဆင့်ပြီးတစ်ဆင့် ဖော်ပြသည်။ နောက်ဆုံးတွင် သတင်း၏အဓိကအချက်များကို ရေးသားပြီးနောက် သတင်းဖြစ်စဉ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ရေးသားပြီး နိဂုံးချုပ် ရေးသားခြင်း ဖြစ်သည်။

**ပိရမစ်ပုံစံ သတင်းရေးနည်း**ကို ပုံစံပြရလျှင်-




ဟူ၍ဖြစ်သည်။ ပိရမစ်ပြောင်းပြန်ပုံစံသတင်းရေးနည်း 'Inverted Pyramid Form' တွင် သတင်းခြေဆင်း 'Lead Paragraph'၌ သတင်း၏အရေးပါဆုံး သတင်းအကြောင်းအရာကို ဖော်ပြပြီး အရေးမကြီးသည့် အချက်များကို နောက်အပိုဒ်များတွင်ဆက်၍ ရေးသားခြင်းဖြစ်သည်။ ထိုသို့သော သတင်းရေးသားခြင်းကို သတင်းစာမျက်နှာတွင် နေရာမပေးနိုင်လျှင် သတင်းအောက်ခြေကို ဖြတ်တောက်ခြင်းပြု၍ သတင်း ဆိုလိုရင်းကို မပျက်စေဘဲ ရေးသားသည့် သတင်း ရေးနည်းမျိုးကို ဆိုလိုပါသည်။

**ပိရမစ်ပြောင်းပြန်ပုံစံသတင်းရေးနည်း**ကို ပုံစံပြရလျှင်-




ဟူ၍ တွေ့ရှိနိုင်ပါသည်။

ထို့ပြင် "တိုက်ရိုက်ခြေဆင်း" သည် သတင်းအဖြစ်အပျက်၏ အရေးကြီးသောအကြောင်းအရာ ဖြစ်သည့် 'ဘ' ခြောက်လုံးကို အလေးပေး၍ ရေးသားဖော်ပြရသော ပုံစံမျိုးဖြစ်သည်။ သတင်းခြေဆင်း ကိုဖတ်ရုံဖြင့် မည်သည့်အကြောင်းအရာကို ရေးသားထားကြောင်း ယေဘုယျအားဖြင့် သိရှိနိုင်သည်။

## သုတေသနနည်းနာ (Interpretation)

သုတေသနနည်းနာအနေဖြင့် AIE သီအိုရီကိုအခြေခံ၍ သုတေသနနည်းဖြင့် ပြုလုပ်ပါမည်။ AIE သီအိုရီတွင်ပါဝင်သော "A" သည် (Analysis) စိစစ်ခွဲခြမ်းစိတ်ဖြာခြင်း၊ "I" သည် (Interpretation) အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း၊ "E" သည် (Evaluation) တန်ဖိုးဖြတ်ခြင်း၊ သုံးသပ်ခြင်းဟုအဓိပ္ပာယ်ရပါသည်။ AIE ၏အနက်အဓိပ္ပာယ်မှာ သတင်းစာမှသတင်းများ၏ သတင်းခေါင်းစီးများကို စိစစ်လေ့လာပြီး ပြည်တွင်းသတင်း၊ ပြည်ပသတင်း၊ သတင်းဆောင်းပါး၊ ထူးခြားဖြစ်စဉ်သတင်း၊ ကြော်ငြာသတင်းတို့ကို ကောက်ယူရွေးချယ်ပြီးနောက် ပါဝင်သော သတင်းစာသားများ၏ အနက်အဓိပ္ပာယ်ကို သရုပ်ဖော်ဖွင့်ဆိုပါမည်။ ၎င်းသတင်းစာသားများသည် သတင်းကိုအထောက်အကူပြုပုံ၊ သတင်းရေးဟန်တို့သည် သတင်းစာတွင် မည်မျှအရေးပါကြောင်းကို သုံးသပ်တင်ပြပါမည်။ ထိုသို့ လေ့လာသုံးသပ်တင်ပြရာတွင် သတင်းတစ်ခုချင်းစီ AIE Theory ကိုအခြေခံကာ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆို စိစစ်တင်ပြပြီး အခြားသတင်းများကလည်း ဤကဲ့သို့သော ရေးဟန်မျိုးရှိသည်ဟူသော ခြုံယူဆင်ခြင်နည်းဖြင့် လေ့လာသုံးသပ်တင်ပြထားပါသည်။

## လေ့လာတွေ့ရှိချက်

ဤစာတမ်းသည် သတင်းရေးဟန် အမျိုးမျိုးရှိသည့်အနက် ကြော်ငြာသတင်းရေးဟန်ကို အမျိုးအစား (၂ ) မျိုးဖြင့် လေ့လာတင်ပြထားပါသည်။

### ကြော်ငြာဟူသည်

ကြော်ငြာဟူသော ဝေါဟာရနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာဦးစီးဌာန မြန်မာစာအဖွဲ့၏ "မြန်မာအဘိဓာန်" (၂၀၂၁) စာအုပ်တွင် ကြော်ငြာဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ

> ကြော်ငြာ ကြိ - ၁၊ အော်ဟစ်သည်။ ၂၊ သတင်းစကား စသည်တို့ကို လူအများ သိအောင်လုပ်သည်။ န - အများသိအောင်လုပ်ရသော အရေးအသား (စာ-၃၃)

ဟုတွေ့ရှိရပါသည်။

ကြော်ငြာဟူသော စကားလုံးကို အရေးဘာသာစကား၌ "ကြော်ငြာ" ဟု အသုံးပြုပြီး အပြောဘာသာစကားတွင် "ကြေညာ" ဟု ခေါ်ကြသည်။ ထို့ကြောင့် ကြော်ငြာနှင့် ကြေညာတို့သည် အဓိပ္ပာယ်အတူတူဖြစ်သည်ဟုဆိုရပါမည်။

မြန်မာစာအဖွဲ့၊ မြန်မာအဘိဓာန်(၂၀၂၁) စာအုပ်တွင် -

> ကြေညာ န- အောက်အရပ်နှင့် အထက်အရပ်။ အရပ်ခပ်သိမ်း။
> ကြိ- သတင်းစကား စသည်ကိုအများကြားသိအောင်လုပ်သည် ( စာ-၃၂)

ဟု ဖော်ပြပါသည်။

## ကြော်ငြာသည့်နည်းလမ်းများ

နိုင်ငံတော်ပိုင်သတင်းစာများဖြစ်သည့် ကြေးမုံနှင့် မြန်မာ့အလင်သတင်းစာတို့တွင် **ကြော်ငြာနည်းအမျိုးမျိုး**ဖြင့် ရေးသားသည့် ရေးဟန်ကိုလေ့လာတွေ့ရှိရပါသည်။ မိမိတို့၏ လုပ်ငန်းဆောင်တာကိစ္စအဝဝကို အများသိစေလိုသောအခါ သတင်းအဖြစ်ဖြန့်ခြင်း၊ ကြော်ငြာအဖြစ်ဖြန့်ခြင်းလုပ်ငန်း များကို ရေးနှစ်ပေါင်းများစွာကပင် အသုံးပြုခဲ့ကြပါသည်။ ရှေးဘုရင်မင်းများလက်ထက်က ဘုရင့် အမိန့်ကို မောင်းခတ်၍ အရပ်ရှစ်မျက်နှာသို့ အသိပေးကြေညာခြင်း၊ မြင်သာသောနေရာများတွင် စာကပ်ကြေညာခြင်း၊ ကျေးငှက်သာရကာများကို စေတမန်အဖြစ် အသုံးပြု၍ သတင်းပို့ခြင်းတို့ဖြင့် ကြော်ငြာခဲ့ကြသည်။

မျက်မှောက်ခေတ်တွင် အဆိုပါနည်းများကိုမသုံးတော့ဘဲ ရုပ်မြင်သံကြား၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်တို့မှကြေညာခြင်း၊ ရေဒီယိုမှထုတ်လွှင့်ခြင်း၊ လမ်းဆုံလမ်းခွများတွင် ဆိုင်းဘုတ်များဖြင့် ကြေညာခြင်းတို့ဖြင့် ကြော်ငြာနည်းအမျိုးမျိုးဖြင့် လုပ်ဆောင်ခဲ့ကြပါသည်။ ထိုသို့ လုပ်ဆောင်ရာတွင် သတင်းအသွင်ဖြင့်လည်းကောင်း၊ ကြော်ငြာအသွင်ဖြင့်လည်းကောင်း၊ အများပြည်သူတို့သိရှိ ကြစေရန် ထုတ်လွှင့်ကြေညာခြင်းများဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။

## ကြော်ငြာ၏အရေးပါမှု

မိမိတို့၏အကြောင်းတစ်ခု၊ အဖြစ်အပျက်တစ်ခုကို အများပြည်သူတို့သိရှိနိုင်ရန် တစ်ယောက်စကား တစ်ယောက်ကြားဖြင့်လည်းကောင်း၊ တရားဝင်ကြေညာခြင်းဖြင့်လည်းကောင်း၊ နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်လျှင် ထိရောက်မှုရှိကြောင်း ကြော်ငြာခြင်း၏အရေးပါမှုကို သိရှိရပါသည်။

လူမှုရေးကြော်ငြာဖြစ်သည့် လက်ထပ်ထိမ်းမြားခြင်း ကြော်ငြာများသည် မိမိတို့၏ဆွေမျိုးသားချင်းများ မိတ်ဆွေများကို သိရှိစေနိုင်ပါသည်။ ထို့ပြင် အစည်းအဝေးပွဲများ၊ ဆုပေးပွဲများ၊ သက်ကြီးပူဇော်ပွဲများ စသည့်ကြော်ငြာများကြောင့် သက်ဆိုင်သူများအလွယ်တကူသိရှိပြီး လုပ်ငန်းပိုမို အောင်မြင်နိုင်ပါသည်။ ပျောက်ဆုံးမှုနှင့်ဆိုင်သော ပစ္စည်းပျောက်ခြင်း၊ လူပျောက်ခြင်း ကြော်ငြာများကြောင့် မိမိပျောက်သော ပစ္စည်းပြန်ရခြင်း၊ ပြန်ရရန်သတင်းရရှိခြင်း၊ ပျောက်သော သူပြန်လည်တွေ့ရှိနိုင်ပါသည်။

## ကြော်ငြာအမျိုးအစားများ

ကြေးမုံနှင့်မြန်မာ့အလင်းသတင်းစာများတွင် ဖော်ပြလျက်ရှိသော ကြော်ငြာအမျိုးအစားမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ (၁)အစိုးရကြော်ငြာ၊ (၂)စီးပွားရေးကြော်ငြာများ(နိုင်ငံခြားငွေ၊မြန်မာငွေ)၊ (၃)လူမှုရေးဆိုင်ရာကြော်ငြာများ၊ (၄) ဥပဒေဆိုင်ရာကြော်ငြာများ၊ (၅) အသင်းအဖွဲ့များ၏ ကြော်ငြာများ၊ (၆) ဘာသာရေးဆိုင်ရာကြော်ငြာများဟူ၍ လေ့လာတွေ့ရှိရပါသည်။

ကြော်ငြာရေးဟန်နှင့်ပတ်သက်၍ "လူမှုရေးဆိုင်ရာကြော်ငြာ" များကို သာဓကများဖြင့် လေ့လာတင်ပြပါမည်။

## ကြော်ငြာနည်းအမျိုးမျိုး

ကြော်ငြာနည်းအမျိုးမျိုးရှိသည်။၎င်းတို့မှာ

(၁) ရုပ်မြင်သံကြားမှ ကြော်ငြာခြင်း။

(၂) ရေဒီယိုမှကြော်ငြာခြင်း။

(၃) ဆိုင်းဘုတ်များဖြင့်ကြော်ငြာခြင်း။

(၄) မဂ္ဂဇင်း၊ဂျာနယ်တို့တွင်ကြော်ငြာခြင်း။

(၅) သတင်းစာများတွင်ကြော်ငြာခြင်းတို့ဖြစ်သည်။

## လူမှုရေးကြော်ငြာရေးဟန်

"လူမှုရေးဆိုင်ရာ ကြော်ငြာရေးဟန်" ဆိုသည်မှာ လူမှုရေးရာအဖြာဖြာတို့နှင့် ပတ်သက်သော လူမှုကိစ္စအဝဝဖြစ်သော လူတို့သည်အိမ်ထောင်ပြုရန်အတွက် လက်ထပ်ထိမ်းမြားမည်ဆိုလျှင် လက်ထပ်ထိမ်းမြားခြင်းအကြောင်းကို သတင်းစာတွင် ထည့်သွင်းကြော်ငြာခြင်းကြောင့် နှစ်ဖက်မိဘ၊ ဆွေမျိုးသားခြင်းနှင့် မိတ်ဆွေများက သိရှိစေနိုင်သည်။ ထို့ပြင် မွေးနေ့ဆုတောင်းခြင်းနှင့် မင်္ဂလာနှစ်ပတ်လည်ကြော်ငြာများကြောင့် မိသားစုအတွင်း ပိုမိုသံယောဇဉ်တွယ်တာစေနိုင်သည်။ မိတ်ဆွေ အသိုင်းအဝိုင်းအတွင်း ပိုမိုရင်းနှီးမှုကိုဖြစ်ပေါ်စေနိုင်သည်။

လူမှုပတ်ဝန်းကျင်တွင် အိမ်ထောင်ပြုလက်ထပ်မင်္ဂလာပြုပြီးနောက် မိမိတို့အချင်းချင်း စိတ်သဘောထား မတိုက်ဆိုင်သောမခါ ကွာရှင်းပြတ်စဲခြင်း စသောအကြောင်းကို လူအများကိုသိစေလိုသောကြောင့် သတင်းစာများတွင် ထည့်သွင်းကြော်ငြာသောကြောင့် အိမ်ထောင်ရေး မပြေလည်မှုများကိုကြော်ငြာမှတစ်ဆင့်သိရှိနိုင်ပါသည်။

တစ်ဖန် မိသားစုအတွင်း မလိမ္မာသောသားသမီးများနှင့်ပတ်သက်၍ မိဘများက မိမိတို့၏သားသမီးများအတွက် ကြော်ငြာသောအခါ သားသမီးများ ပြန်လည်လိမ္မာလာနိုင်ခြင်း၊ မိဘအသိုင်းအဝိုင်းတွင် မမှန်ကန်သော လုပ်ရပ်များကို မလုပ်နိုင်ရန် ဟန့်တားခြင်းစသော အကျိုးသက်ရောက်မှုကိုရရှိစေနိုင်သည်။

ထို့ပြင်ပစ္စည်းပျောက်ခြင်းနှင့် လူပျောက်တို့ကို သတင်းစာများတွင် ကြော်ငြာခြင်းကြောင့် မိမိပျောက်သော ပစ္စည်းများပြန်လည်ရရှိနိုင်ပြီး ပျောက်သောသူကိုလည်း ပြန်လည်တွေ့စေနိုင်ပါသည်။

ဌာနဆိုင်ရာ အစည်းအဝေးပွဲများ၊ ဆုပေးပွဲများ၊ သက်ကြီးပူဇော်ပွဲများစသည့်တို့ ပြုလုပ်လိုသောအခါ သတင်းစာများတွင် ကြော်ငြာများထည့်သွင်းခြင်းကြောင့် သက်ဆိုင်သူများ အလွယ်တကူသိရှိပြီးလုပ်ငန်း ပိုမိုအောင်မြင်နိုင်စေပါသည်။

လူမှုရေးကြော်ငြာရေးဟန်များတွင် လူမှုရေးရာအဖြာဖြာတို့နှင့်သက်ဆိုင်သော သာရေး၊ နာရေးနှင့် လူမှုရေးကိစ္စအရပ်ရပ်တို့နှင့်ပတ်သက်သောအကြောင်းအရာကို အများသူငါတို့ သိရှိစေလိုသောအခါသတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်းကို လူမှုရေးသတင်းကြော်ငြာ ရေးဟန်ဟုဆိုလိုပါသည်။ ထို့ကြောင့် လူမှုရေးရာအဖြာဖြာတို့နှင့်သက်ဆိုင်သော စေ့စပ်ကြောင်းလမ်းခြင်းသတင်း၊ လက်ထပ်

ထိမ်းမြားခြင်းသတင်း၊ မင်္ဂလာဆုတောင်းလွှာများ ကြော်ငြာခြင်း သတင်း၊ ကွာရှင်းပြတ်စဲခြင်းသတင်း၊ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းသတင်း၊ လူပျောက် ကြော်ငြာ၊ပစ္စည်းပျောက်ကြော်ငြာ သတင်းများဖြစ်သည်။ နမူနာအားဖြင့်-

**နမူနာ ၁**

စေ့စပ်ကြောင်းလမ်းခြင်းကြော်ငြာနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ၊ ၇-၁၁-၂၀၁၅၊ ၁၇ သတင်း စာတွင် -

**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁ ရပ်ကွက်၊ သီဟာသူရလမ်း၊ အိမ်အမှတ်နေ (၁၆၀)
ဗိုလ်ကြီးရဲစိုးမြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန (ငြိမ်း)ဒုတိယညွှန်ကြားရေးမှူး)(ငြိမ်း)
ဗိုလ်မှူး ဒေါ်တင်တင်ဝင်းငြိမ်းတို့၏သား
ဗိုလ်ကြီးဟိန်းအောင် ဝင်းလက်ထက်(ခ)(BE.Meterial Science & Metallurgy)
နှင့်
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ နေ (၁၁၂/၁၁၀)လမ်း၊ အိမ်အမှတ် (၄၈)
ဦးမျိုးသန့် (ဖောင်ကြီး-ဗဟိုဝန်ထမ်းတက္ကသိုလ် (ငြိမ်း)ဆေးရုံအုပ်ကြီး)ဒေါက်တာရီရီဝင်း -
တို့၏သမီး
ဒေါက်တာ ဆွေဇင်သိမ့် (M.B.B. S(Ygn) Medical Officer (Aisa Royal Hospital))
တို့သည် ၃၁၂၀၁၅ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ -၁၀-
လူကြီးမင်းများရှေ့မှောက်၌
စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင်

**နမူနာ-၁**

**စိစစ်ချက်**

အထက်ပါစေ့စပ်ကြောင်းလမ်း ပြီးစီးခြင်းမင်္ဂလာသတင်းတွင် ပါဝင်သောစေ့စပ်ဆိုသည့် ဝေါဟာရကို ပညာရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၁) စာအုပ်တွင်

စေ့စပ် - ကြိ - "ယောက်ျား၊ မိန်းမတို့မင်္ဂလာဆောင်ရန်အတွက် စကားအဆက် အသွယ်လုပ်သည်၊ ကြောင်းလမ်းသည်၊ မြန်းသည်"

(စာ - ၉၈)

ဟုလည်းကောင်း

ပညာရးဝန်ကြီးဌာန၊မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန၊မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၁) စာအုပ်တွင်

ကြောင်းလမ်း - ကြိ - "ထိမ်းမြားရန်စေ့စပ်ပြောသည်" (စာ -၁၈)

ဟုအဓိပ္ပာယ်ရပါသည်။

အဆိုပါစေ့စပ်ကြောင်းလမ်းတွင် စေ့စပ်နှင့်ကြောင်းလမ်းသည် တွဲ၍သုံးသော လုံးတွဲများဖြစ်သည်။ လုံးတွဲများတွင် အဓိပ္ပာယ်တူညီ ဆက်စပ်သောစကားလုံးများတွဲသုံးခြင်းမှာ အဓိပ္ပာယ် လေးနက်ပြည့်စုံအောင် သုံးခြင်းဖြစ်မည်ဟု ယူဆနိုင်ပါသည်။ ထိုသို့လုံးတွဲအဖြစ် အသုံးများလာသောအခါ စကားလုံးတွဲပုံသေဖြစ်သွားပြီး စေ့စပ်ကြောင်းလမ်းဟုတွဲသုံးမှ ပြီးပြည့်စုံသည်ဟု ယူဆကြသည်။ သို့ဖြစ်၍

စေ့စပ်ကြောင်းလမ်းဟူသော စကားလုံးမှာ တွဲမသုံးလျှင် မပြည့်စုံသလို ထင်တတ်ကြသည်။ ဆက်လက်၍ စေ့စပ်ကြောင်းလမ်းခြင်းကြော်ငြာ၏အောက်ခြေတွင် နှစ်ဖက် သောမိဘများနှင့် သက်ဆိုင်သူနှစ်ဦးတို့ကို ထည့်ပြီးရေးသည်ကို တွေ့ရှိရသည်။ အဆိုပါစေ့စပ်ကြောင်းလမ်းခြင်း သတင်းရေးဟန်သည် ပုံသေသတ်မှတ်ထားသည့် သတင်းရေးဟန်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**နမူနာ ၂**

လက်ထပ်ထိမ်းမြားခြင်း ကြော်ငြာနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ ၇ ၁၈-၂၀၁၅၊ စာ-၁၁-တွင်

**လက်ထပ်ပြီးစီးခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၁၆)ရပ်ကွက်၊ အုတ်ကျင်းဘူတာရုံလမ်း၊

တိုက်အမှတ်(၆၃)၊ YNကွန်ဒို၊ အခန်းအမှတ်(A-2)နေ

ဦးမောင်မောင်ထွေး(ကိုထွေးနှင့်သားများ သစ်ရောင်းဝယ်ရေး)(ဒေါ်မြင့်မြင့်ဌေး)တို့၏ သားကြီး

မောင်ရဲမင်းခန့်(ကုံတက်ဆောက်လုပ်ရေး)၏အစ်ကို

မောင်ဟန်လင်းဇော် B.A(Geography)

(ကိုထွေးနှင့်သားများ သစ်စက်)နှင့်

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ပိတောက်အိမ်ရာ၊ တိုက်အမှတ်(၇၆၁/၁၁)နေ

ဦးအောင်မြိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)

ဒေါ်မြမြဝင်း(J.A.T-ငြိမ်း) တို့၏ တစ်ဦးတည်းသောသမီး

ဒေါက်တာလှဲ့မဥ္ဇူ M.B.B.S(YGN)

မြို့နယ်ကျန်းမာရေးအရာရှိ

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ခုတင်(၅၀၀)၊ ပြည်သူ့ဆေးရုံ

တို့ကိုမိဘတို့ဝတ္တရားရှိသည့်အတိုင်း ထိမ်းမြားမင်္ဂလာဆောင်နှင်းပြီး ဖြစ်ပါသည်။

နှစ်ဖက်မိဘများနှင့်

မောင်ဟန်လင်းဇော်-ဒေါက်တာလှဲ့မဥ္ဇူ

**နမူနာ-၂**

**စိစစ်ချက်**

ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန၊ မြန်မာစာအဖွဲ့၊ မြန်မာအဘိဓာန် (၂၀၂၁) စာအုပ်တွင် -

လက်ထပ်- "သတို့သားနှင့် သတို့သမီးလက်ချင်းထပ်၍ လင်မယားအဖြစ်ရောက်စေသည်။ မင်္ဂလာဆောင်သည်" ဟုလည်းကောင်း (စာ-၃၂၅)

ထိမ်းမြား - "လက်ထပ်သည်။ မင်္ဂလာဆောင်သည်" (စာ - ၃၂၅)

ဟု အဓိပ္ပာယ်ရပါသည်။

မိဘတို့၏ မိဘဝတ္တရားငါးပါးတွင် တစ်ပါးဖြစ်သော ထိမ်းမြားခြင်းမင်္ဂလာဆောင်နှင်းပြီး ဖြစ်ကြောင်း၊ နှစ်ဖက်မိဘများနှင့် သတို့သားသတို့သမီးတို့ကိုယ်တိုင် လက်ထပ်ပြီးစီးခြင်းကို မြန်မာ့အလင်းသတင်းစာတွင် ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

လက်ထပ်ပြီးစီးခြင်း ကြော်ငြာသတင်းရေးဟန်များသည် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့ ဓလေ့ထုံးစံအရ နှစ်ဖက်သောမိဘများကို ရေးသားရာတွင် သားရှင် မိဘ၊ နေရပ်လိပ်စာ၊ ရာထူးကိုဦးစွာရေးပြီးမှ

သတို့သား၏ရာထူးအလုပ်အကိုင်များ ရေးသားဖော်ပြသည်။ သတို့သမီးမိဘများ၏ နေရပ်လိပ်စာနှင့် ရာထူးကို ဒုတိယအဆင့်တွင်ရေးပြီး ထို့နောက်မှ သတို့သမီး၏အမည်၊ အလုပ်အကိုင်၊ ရာထူးများကို ရေးသားခြင်းသည် "ပုံစံကျနေသောရေးဟန်" ဖြစ်ကြောင်း လေ့လာတွေ့ရှိ ရသည်။

**မင်္ဂလာဆုတောင်းလွှာကြော်ငြာနှင့်ပတ်သက်၍** ကြေးမုံသတင်းစာ၊ ၂-၁၁-၂၀၁၅၊ စာ-၂၅ **သတင်းစာတွင် -**

**နမူနာ ၃**

"ငွေရတုမင်္ဂလာဆုတောင်းလွှာ"

(၁-၁၁-၂၀၁၅) ရက်နေ့တွင် ကျရောက်သော ချစ်သူငယ်ချင်း ဦးကျော်လင်း- ဒေါ်နီနီအောင်တို့၏ (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ချစ်သမီး ဆုမြတ်စန္ဒီသော်၊ ချစ်သား ဟံသာစိုးတို့နှင့် အတူ နှစ်ပေါင်း (၁၂၀) တိုင်အောင် ပျော်ရွှင်ဖွယ်ရာ မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ငယ်သူငယ်ချင်းများ

ဒေါက်တာကျော်မင်းလွင်- နှင်းဆီ

လှလှမြတ်ကျော် - စမ်းစမ်းအေး

မျိုးပိုင်ကျော်လွင် - နီနီခင်

**မင်္ဂလာဆုတောင်းလွှာကြော်ငြာနှင့်ပတ်သက်၍** မြန်မာအလင်းသတင်းစာ၊ ၁၂-၁၁-၂၀၁၅၊ စာ-၂၈

**သတင်းစာတွင် -**

**နမူနာ ၄**

ပုလဲရတု မင်္ဂလာနှစ်ပတ်လည် ဆုမွန်ကောင်းတောင်းလွှာ

ချစ်သောဖေဖေ ဦးခင်မောင်မြင့် (ဦးစီးအရာရှိ၊ အမရပူရမြို့နယ် စာရင်းစစ်ရုံး) နှင့် ချစ်သော မေမေ ဒေါ်ချို့ချို့သန္တာ (ဦးစီးအရာရှိ၊ အောင်မြေသာစံမြို့နယ်စာရင်းစစ်ရုံး) တို့၏ ၁၂-၁၁-၂၀၁၅ ရက်တွင်ကျရောက်သော ပုလဲရတု (နှစ် ၃၀ ပြည့်) မင်္ဂလာနှစ်ပတ်လည် ရက်မြတ်မှစ၍ ရွှေရတု၊ စိန်ရတုသို့တိုင်အောင် ပျော်ရွှင်ခြင်း၊ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ပြည့်စုံခြင်းများနှင့်အတူ မိသားစု အတူတကွ နေထိုင်ရသော နေ့ရက်များစွာ ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး - ခွန်သော်ဇင်- မိမိနန္ဒာ

မြေးချစ်လေး- ဖြိုးနန္ဒာကို (ခ) တုန်တုန်

စိန်ရွှေဖြိုးရောင်းဝယ်ရေးလုပ်ငန်း၊မန္တလေးမြို့

ချစ်သားငယ်-ဗိုလ်သော်ဇင်(DSMA-16th Intake)

ခုတင် ၁/၅၀ ဆေးရုံ၊ မိတ္ထီလာမြို့

**နမူနာ ၅**

မြန်မာ့အလင်းသတင်းစာ၊ ၁၄-၁၁-၂၀၁၅၊ စာ-၂၆

မင်္ဂလာပတ္တမြားရတုဆုတောင်း

ဖေဖေ ဦးခင်မောင်ဆယ် (ဦးဆောင်ညွှန်ကြားရေးမှူး၊ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း- ငြိမ်း) နှင့် မေမေ ဒေါ်ငွေးငွေးသန်းတို့၏ ၁၄-၁၁-၂၀၁၅ ရက်တွင် ရောက်ရှိသော နှစ် (၄၀) ပြည့် ပတ္တမြားရတု မင်္ဂလာရက်မြတ်မှသည် နောင်ရွှေရတု၊ စိန်ရတု၊ နဝရတ်ရတုများစွာတိုင် ဘဝသာ၊ သာသနာအကျိုး ဆောင်ရွက်ပြီး ချစ်သောမိသားစုနှင့်အတူ ပျော်ရွှင်စွာ ဖြတ်သန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း လိုက်ပါသည်။

သားနှင့်သမီး

ပြည်ဖြိုးဆယ်- စုစန္ဒာမျိုးလှ

**နမူနာ-၃၊ ၄၊ ၅**

**စိစစ်ချက်**

အထက်ပါနမူနာ ၃၊၄၊၅ တို့တွင် မင်္ဂလာနှစ်သက်တမ်းကိုဖော်ပြသည့် ကိုယ်စားပြုစကားလုံးများ ဖြစ်သော **မင်္ဂလာနှစ်သက်တမ်း(၂၅) နှစ်ပြည့်ဆုတောင်းကို "ငွေရတုဆုတောင်း" မင်္ဂလာနှစ် သက်တမ်း အနှစ်(၃၀) ပြည့်ဆုတောင်းကို "ပုလဲရတုဆုမွန်ကောင်းတောင်းလွှာ" မင်္ဂလာနှစ်သက်တမ်း အနှစ် (၄၀)ပြည့် ဆုတောင်းကို "ပတ္တမြားရတု" ဆုတောင်းလွှာဟု လည်းကောင်း မင်္ဂလာနှစ်သက်တမ်း အလိုက် ခေါ်ဝေါ်သုံးစွဲသော စကားလုံးများကို** တွေ့ရပါသည်။ မင်္ဂလာနှစ်သက်တမ်းကိုလိုက်ပြီး ရတု အသီးသီးကိုဖော်ပြပြီး ဆုတောင်းကြရာတွင် မင်္ဂလာဆုတောင်းများကို နိုင်ငံတော်အဆင့်သတင်း စာများ တွင် ထည့်သွင်းကြော်ငြာကြသည်။ ထိုသို့ကြော်ငြာခြင်းဖြင့် မိသားစုအတွင်း ပိုမိုသံယောဇဉ် တွယ်တာ ခြင်း မိတ်ဆွေအသိုင်း အဝိုင်းအတွင်းပိုမိုရင်းနှီးမှုရှိနိုင်ခြင်းစသည့် "လူမှုရေး ဆိုင်ရာကြော်ငြာ သတင်း ရေးဟန်" ကိုလေ့လာ တွေ့ရှိရပါသည်။

နမူနာ-၆

**ကွာရှင်းပြတ်စဲခြင်း ကြော်ငြာနှင့်ပတ်သက်၍** သတင်းစာတွင် -

| | |
|---|---|
| မြန်မာ့အလင်း။ ၄-၁၁-၂၀၁၁၊ | နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှကွာရှင်းပြီးဖြစ်ကြောင်း |
| မြန်မာ့အလင်း။ ၇-၁၁-၂၀၁၅၊ | ဇနီးအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း |
| ကြေးမုံ၊ ၆-၁၁-၂၀၁၅၊ ၂၂ | နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း |
| မြန်မာ့အလင်း။ ၅-၁၁-၂၀၁၅၊ | ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း |
| ကြေးမုံ၊ ၉-၂-၂၀၁၈၊ ဆ | အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်း |

**နမူနာ-၆**

**စိစစ်ချက်**

အထက်ပါ လင်မယားကွာရှင်းပြတ်စဲခြင်းနှင့်သက်ဆိုင်သော ကြော်ငြာသတင်းရေးဟန်တို့တွင် ဖော်ပြပါ ကြော်ငြာတို့အရ အမျိုးသမီးဖြစ်သူက မိမိခင်ပွန်းနှင့် ကွာရှင်းပြီးစီးကြောင်းကို အများပြည်သူတို့ သိရှိစေရန်အတွက် "ခင်ပွန်းအဖြစ်မှမသက်ဆိုင်တော့ပါကြောင်း" ဟူ၍လည်းကောင်း၊ ခင်ပွန်းဖြစ်သူက မိမိဇနီးနှင့် ကွာရှင်းပြီးစီးကြောင်းကို အများပြည်သူတို့ သိရှိစေရန်အတွက် ကွာရှင်းပြတ်စဲကြောင်း အသိ ပေးသည့် ကြော်ငြာသတင်းရေးဟန် ခေါင်းစီးတို့တွင် "ခံစားမှုပြစကားလုံးတို့ကိုလိုက်၍ ရေးဟန် အမျိုးမျိုးပြောင်းလဲ" နေသည်ကို လေ့လာတွေ့ရှိ ရပါသည်။

## နမူနာ-၇

**သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာနှင့်ပတ်သက်၍** သတင်းစာတွင် -

မြန်မာ့အလင်းသတင်းစာ၊ ၂၀-၁၁-၂၀၁၅၊ ၂၀

**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ကြေးမုံသတင်းစာ၊ ၁၁ ၁၁- ၂၀၁၅၊ ၈

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မြန်မာ့အလင်းသတင်းစာ၊ ၁၂-၁၁-၂၀၁၅၊ ၁၃

**အမွေပြတ်စွန့်လွှတ်ခြင်း**

မြန်မာ့အလင်းသတင်းစာ၊ ၂၄-၁၁-၂၀၁၅၊ ၂၈

**သွာနုတ္တသားမဟုတ်ကြောင်းကြေညာခြင်း**

## နမူနာ-၇

## စိစစ်ချက်

အထက်ပါအကြောင်းအရာပါ ကြော်ငြာသတင်းများသည် "သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း" ဟုရေးသားကြပြီး၊ မိဘ ခွင့်လွှတ်လိုစိတ်မရှိအောင် ဆိုးသွမ်းခြင်း၊ ပြစ်မှု ကျူးလွန်ခြင်း ရှိသော သားသမီးအား "သွာနုတ္တသား (သမီး) အဖြစ်မှစွန့်လွှတ်ခြင်း" ဟူ၍ သွာနုတ္တသား မဟုတ်ကြောင်း ကြေညာခြင်း စသည့် သားသမီအဖြစ်မှ စွန့်လွှတ်ခြင်းမျိုးလည်း ရှိသည်။

ထို့ပြင် သတင်းစာများတွင် မိဘက သွာနုတ္တသားအဖြစ် ကြေညာခဲ့ခြင်းကို သားသမီးတို့ကလည်း မိဘအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ စသည့်ကံသုံးပါးတို့နှင့် ပြစ်မှားခြင်းမရှိခဲ့သောကြောင့် သားသမီး ဖြစ်သူကလည်း မိဘတို့ကို သတင်းစာမှ သွာနုတ္တသားမဟုတ်ကြောင်း ပြန်လည်ကြေညာ သည်ကို တွေ့ရှိရသည်။ ထို့ကြောင့်**သွာနုတ္တသား မဟုတ်ဟူသော** စကားလုံးကြောင့် ဥပဒေဆိုင်ရာစကား အသုံးအနှုန်းတို့ဖြင့် ရေးဟန်ကို လေ့လာသိရှိရပါသည်။

## နမူနာ-၈

## လူပျောက်ကြော်ငြာနှင့်ပတ်သက်၍ ကြေးမုံသတင်းစာ ၃၊ ၂၊ ၂၀၁၈ စာ-၂၂

**ဆက်သွယ်ပါ**

သားကြီး မောင်မင်းမင်းလတ် ၁၂/မရက(နိုင်) ၁၆၈၄၅၇

သားကြီးရေ

သားရင်ဆိုင်ဖြေရှင်းနေရတဲ့ အခက်အခဲများရှိနေခဲ့ရင် ဖေဖေ၊ မေမေတို့ကို တိုင်ပင်ဖို့ မေ့မနေပါနဲ့။ သားရဲ့ အနာဂတ်အတွက်လည်း အကောင်းဆုံးဖြစ်အောင် ပံ့ပိုးပေးပါ့မယ်။ ဖေဖေ၊ မေမေတို့ကို ဆက်သွယ်ဖို့အတွက် စိုးရိမ်မနေပါနဲ့။ ခွင့်လွှတ်ပါတယ်။

ဖေဖေ၊ မေမေ

**နမူနာ-၈**

**စိစစ်ချက်**

ပျောက်ဆုံးနေသည့် သားကြီးပြန်လည်ဆက်သွယ်ရန် ကြော်ငြာထည့်သွင်းခြင်းဖြစ်ပါသည်။ မိဘများက သားအတွက် ပူပင်သောကရောက်နေပြီး သားကိုပြန်လာစေချင်သည်။ သားကမိဘကို စိုးရွံ့နေပြီး အဆက်အသွယ်မလုပ်မည်ကို စိုးရိမ်သော မိဘဆန္ဒကို ထင်ဟပ်စေသည့် ရေးဟန်ကိုတွေ့ရသည်။ ပြန်လာစေလိုသည့် စေတနာရည်ရွယ်ချက်ဖြင့် မိဘကသားသမီးအပေါ် စေတနာကိုထင်ဟပ်ပေါ်လွင်စေသည့် "တိုင်ပင်ဖို့မေ့မနေပါနဲ့"၊ "ဆက်သွယ်ဖို့အတွက် စိုးရွံ့ မနေပါနဲ့" တိုက်တွန်းသည့်ဟန်၊ အားပေးသည့်ဟန်တို့ကို ဆန့်ကျင်ဝါကျအသုံးများဖြင့် ရေးဖွဲ့ထားကြောင်းတွေ့ရသည်။ "မ" အငြင်းပြပစ္စည်းကို သုံး၍ ဆန့်ကျင်ဝါကျများဖြင့် အများဆုံး ရေးဖွဲ့ထားသည့် ရေးဟန်ကိုလည်း တွေ့ရှိရပါသည်။

မြန်မာစာအဖွဲ့၏ မြန်မာအဘိဓာန် (၂၀၂၁) တွင် နာရေး-န -နာမှုကိစ္စ၊ သေမှုကိစ္စ (စာ-၁၀၃) ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

နာရေးကြော်ငြာများကြောင့် ဆွေမျိုးများနှင့်မိတ်ဆွေများ အချိန်မီသိရှိနိုင်ခြင်း၊ နာရေးရှင်များအနေဖြင့်လည်း တစ်ဦးချင်းသို့ အကြောင်းကြားနိုင်သည့် အခွင့်အရေးကို ကျော်လွှားနိုင်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း ကြော်ငြာများကြောင့် လူမှုရေးအသိုင်းအဝိုင်းတွင် ပိုမိုရင်းနှီးမှုရရှိခြင်း၊ တစ်ဦး၏ကြင်နာမှုကို တစ်ဦးက နားလည်ခွင့်ရရှိခြင်း၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးသက်ရောက်မှုရရှိနိုင်ပါသည်။

နာရေးကျေးဇူးတင်ကြော်ငြာများကြောင့် နာမကျန်းစဉ်က ကုသပေးကြသော ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများနှင့် သူနာပြုဆရာ၊ ဆရာမများနှင့် ပိုမိုရင်းနှီးမှုရရှိခြင်း၊ ဆွေမျိုးမိတ်ဆွေများအား တစ်ဦးချင်းကျေးဇူးတင်စကားပြောကြားရန် အခက်အခဲကို ကျော်လွှားနိုင်ခြင်း အကျိုးများရရှိစေနိုင်ပါသည်။

## ဗုဒ္ဓဘာသာရဟန်းသံဃာနှင့်သက်ဆိုင်သောစကားလုံးအသုံးအနှုန်း

နာရေးကြော်ငြာသတင်းခေါင်းစဉ်နှင့် ဘဝနတ်ထံပျံလွန်တော်မူခြင်းဟူသော စကားအသုံးအနှုန်းကိုတွေ့ရှိရပါသည်။ ရှေးအစဉ်အဆက် စကားအရ ရဟန်းသံဃာများသည် နတ်ပြည်မှလာ၍ နတ်ပြည်သို့ပြန်သွားသည်ဟူသော အဓိပ္ပာယ်ဖြင့် **ဘဝနတ်ထံ ပျံလွန်တော်မူသည်ဟု** သုံးနှုန်းခြင်းဖြစ်မည်။

လူပုဂ္ဂိုလ်များတွင်ကွယ်လွန်သည့်အချိန်၌ ရောက်ရှိသည့်အသက်တွင် သေဆုံးခဲ့လျှင် ၎င်းအသက်ကို ရေးခြင်းဖြင့်ပြီးပြည့်စုံသော်လည်း ရဟန်းသံဃာတို့မှာ ရဟန်းဘဝခံယူချိန်မှစပြီး ပျံလွန်တော်မူသည့်အချိန်အထိကာလကို သိက္ခာတော်(၃၀) အဖြစ်သတ်မှတ်ပြီး အဆိုပါသိက္ခာတော်(၃၀)၏ နှစ်ကာလအရေအတွက်ကိုပါ သတ်မှတ်ပြီး သိက္ခာတော် (၃၀)ဝါဟူသော စကားလုံးအသုံးအနှုန်းကို တွေ့ရှိရပါသည်။ ၅-၁၁-၂၀၁၅ ရက် ညနေ(၆)နာရီတွင် ဘဝနတ်ထံပျံလွန် တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၇-၁၁-၂၀၁၅ ရက် (စနေနေ့) ညနေ(၆)နာရီတွင် ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်းဟူသော ဝါကျတွင် အဆုံးသတ်စကားလုံး "ကြောင်း" ဖြင့် အဆုံးသတ်ထားပြီး ကျန်သောရုပ်ကလာပ်ကို ဥတုဇရုပ် ကလာပ်တော်ဟုလည်းကောင်း၊ အမွှေးနံ့သာမီးဖြင့်

ပူဇော်သည်ကို မီးသင်္ဂြိုဟ်သည်ဟု လည်းကောင်း ရဟန်းသံဃာသုံးဆိုင်ရာ နာမ့ူကိစ္စ၊ သေမှုကိစ္စ စကားအသုံးအနှုန်းများကို လေ့လာ တွေ့ရှိရပါသည်။

နာရေးကြော်ငြာတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ ဓလေ့ထုံးစံအရ **"သေသည်"** ဟူသော စကားလုံးကို **"ကွယ်လွန်သည်၊ သေသည်၊ အနိစ္စရောက်သည်၊ ပျံလွန်တော်မူသည်၊ ဘဝနတ်ထံ ပျံလွန်တော်မူသည်"** ဟူသော လူနေမှုဘဝ အဆင့်အတန်းပေါ်မူတည်၍ စကားလုံးအသုံးအနှုန်း အမျိုးမျိုး ကွဲပြားသွားကြောင်း သိရှိရပါသည်။

နာရေးသတင်းကြော်ငြာတွင် တစ်ဖန် ရဟန်း၊ သိမ်၊ ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့သည့် ဗုဒ္ဓဘာသာဝင်တစ်ဦး ကွယ်လွန်သွား၍ ကျန်ရစ်သူမိသားစု ဗုဒ္ဓဘာသာဝင်များကကွယ်လွန်ပြီး ၇ ရက် မြောက်တွင် ကွယ်လွန်သူအားရည်စူး၍ ရက်လည်ဆွမ်းကျွေးပြုလုပ်ပြီး တရားတော်နာယူရာ ကွယ်လွန်သူ၏ ကျန်ရစ်သူများက ဖိတ်ကြားပြီး အလှူပြုမည့် ဖိတ်စာကြော်ငြာကမ်းလေ့ရှိပါသည်။

ခရစ်ယာန်ဘာသာဝင်တို့ သေဆုံးခြင်းကို **ခရစ်တော်၌အိပ်ပျော်ခြင်း**ဟု သုံးနှုန်းပြီး ကျန်ရှိသော ခန္ဓာကို ခရစ်ယာန်ထုံးတမ်းအစဉ်အလာအရ ဝတ်ပြုဆုတောင်းပြီး မွန်းတည့်(၁၂) နာရီတွင် **မီးသင်္ဂြိုဟ်**မည်ဖြစ်ကြောင်း ကျန်ရစ်သူမိသားစုက နာရေးသတင်းကြော်ငြာထည့်သွင်း ရေးသား ထားခြင်းဖြစ်သည်။

ခရစ်ယာန်ဘာသာဝင်တစ်ဦး၏ နာရေးသတင်းကြော်ငြာမှ ခရစ်တော်၌အိပ်ပျော်ခြင်း ဟူသော သတင်းခေါင်းစီးအရ ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်ကြောင်းသိနိုင်သည်။ ခရစ်ယာန်ဘာသာဝင်တစ်ဦး ကွယ်လွန်သွားသည်ကို **ခရစ်တော်၌အိပ်ပျော်ခြင်း** ဟူသော စကားအသုံးအနှုန်းနှင့် ဖော်ပြကြောင်း လေ့လာတွေ့ရှိရပါသည်။

အစ္စလာမ်ဘာသာဝင်တစ်ဦး၏ နာရေးသတင်းကြော်ငြာမှ အလ္လာရှင်မြတ်အမိန့်တော် ခံယူခြင်း ဟူသော သတင်းခေါင်းစီးအရ မွတ်စလင်ဘာသာဝင် တစ်ဦးဖြစ်ကြောင်းသိနိုင်သည်။ မွတ်စလင် ဘာသာဝင်တစ်ဦး ကွယ်လွန်သွားသည်ကို **အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း**ဖြစ် သည်ဟူသော သတင်း ခေါင်းစီးတွင် သုံးနှုန်းသောစကားလုံးအရ မွတ်စလင်လူမျိုးဖြစ်ကြောင်းသိနိုင်ပြီး **ဟာဂျီ၊ ဟာဂျီမ**သည် အစ္စလာမ် ဘာသာဝင်တို့၏ ဘာသာရေးဘွဲ့ဖြစ်သည်။ ဒါဖွာနာသည် မြေမြှုပ်သင်္ဂြိုဟ်ပြီးစီး ပါကြောင်း ဟူသော ဝါကျအဆုံးသတ်ပစ္စည်း"ကြောင်း" ဖြင့်သုံးနှုန်းထားသည်ကို တွေ့ရှိရသဖြင့် အစ္စလာမ် ဘာသာဝင်တို့၏ ဘာသာရေးဆိုင်ရာ အသုံးအနှုန်းများကို လေ့လာသိရှိရပါသည်။

## ခြုံငုံသုံးသပ်ချက်

လူမှုရေးကြော်ငြာရေးဟန်သည် လူမှုရေးဆိုင်ရာကြော်ငြာအမျိုးအစားအလိုက် ကွဲပြားမှုရှိသော ရေးဟန်ဖြစ်ကြောင်းကိုတွေ့ရသည်။ ကြော်ငြာတို့၏ အမျိုးအစားကွဲပြားမှုအလိုက် စကားအသုံးအနှုန်း ဆီလျော် အောင်သုံးစွဲထားပြီးခက်ခဲ၍ သိရှိရန်မလွယ်ကူသော ဝေါဟာရများကိုရှောင်၍ ရေးသားကြသည်။ သတင်းရေးသည့်အခါ ဝါကျဖွဲ့ထုံးကို တိုတိုရှင်းရှင်းရေးကြသည်။ ဝါကျရှည်ကြီး သုံးစွဲခြင်းကို တတ်နိုင်သမျှရှောင်ရသည်။ လူမှုရေးကြော်ငြာ သတင်းရေးဟန်ကို မြန်မာဘာသာစကားဆိုင်ရာ စကားပြေ ရေးဟန်တစ်ရပ်အဖြစ် တွေ့ရှိရပါသည်။

## နိဂုံး

သတင်းများတွင် ရေးသားဖော်ပြလျက်ရှိသော သတင်းရေးဟန်များသည် မြန်မာစာ အရေးအသားစနစ်၏ အလေးထားရမည့် အချက်များပင် ဖြစ်ပါသည်။ သတင်းရေးဟန်၏ အစိတ်အပိုင်းများ ဖြစ်သော စကားအသုံးအနှုန်းနှင့် သတင်းဖွဲ့စည်းတင်ပြပုံ အဆင့်တို့သည် ခေတ်ကာလအလျောက် ပြောင်းလဲလာနိုင်ခြင်းကြောင့် အစဉ်လေ့လာသင့်သော ပညာရပ်နယ်ပယ်တစ်ခုအဖြစ် လေ့လာ သုံးသပ်မိပါသည်။ ထိုကြောင့်နိုင်ငံတော်ပိုင် သတင်းစာများဖြစ်သော ကြေးမုံနှင့်မြန်မာ့အလင်း သတင်းစာတို့မှ သတင်းရေးဟန်သည် နိုင်ငံတော်တည်ဆောက်ရေးတွင် သတင်းမီဒီယာ မဏ္ဍိုင်အဖြစ် အရေးပါသကဲ့သို့ မြန်မာဘာသာစကား နယ်ပယ်၏ အနာဂတ်အတွက်လည်း အရေးပါသောကဏ္ဍ တစ်ရပ်ပင်ဖြစ်သည်။ လူမှုရေးကြော်ငြာသတင်းရေးဟန်သည် လူမှုရေးဆိုင်ရာကြော်ငြာ အမျိုးအစားအလိုက် ကွဲပြားမှုရှိသော ရေးဟန်ဖြစ်သည်။ ကြော်ငြာတို့၏ အမျိုးအစားအလိုက် စကားအသုံးအနှုန်း ဆီလျော်အောင် သုံးစွဲခြင်း၊ ခက်ခဲ၍သိရှိရန်မလွယ်ကူသော ဝေါဟာရများကိုရှောင်ခြင်း၊ ဆိုလိုရင်းကို တိုတိုရှင်းရှင်းရေးခြင်း၊ ဝါကျရှည်ကြီးသုံးစွဲခြင်းကို တတ်နိုင်သမျှရှောင်ခြင်းတို့ကို တွေ့ရသည်။ လူမှုရေးကြော်ငြာသတင်း ရေးဟန်သည် မြန်မာဘာသာစကားဆိုင်ရာ စကားပြေရေးဟန် တစ်ရပ်အဖြစ် ရပ်တည်လျက်ရှိသည်။

## ကျမ်းကိုးစာရင်း


ခင်မင်၊ **မောင်**(ဓနုဖြူ)။ (၂၀၁၁)။ ***ရေးဟန်ပညာနိဒါန်း*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

စိုးနိုင်၊ **မောင်**။ (၂၀၀၄)။ ***ဇော်ဂျီ၏စကားပြေရေးဟန် လေ့လာချက်***။ ရန်ကုန်တက္ကသိုလ်၊ ပါရဂူ ဘွဲ့ယူကျမ်း။

စိုးစိုးနိုင်(ကြေးမုံ)။ (၂၀၁၉)။ ***မှော်ဝင်သတင်းသမားများ နည်းနာခံယူရသည့် သတင်းစာပညာ။*** ရန်ကုန်၊ ရွှေပြည်ဟိန်း ပုံနှိပ်တိုက်။

စိန်ဝင်း၊ **ဦး** (ဂါဒီယန်)။(၁၉၉၃)။ ***စတုတ္ထမဏ္ဍိုင်နှင့် ဂါဒီယန်သတင်းစာ။*** ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန

စိန်ဝင်း (လူထု)။(၂၀၁၃)။***သတင်းစာပညာ သောင်းပြောင်းထွေလာ။*** ရန်ကုန်၊ စာပေလောကပုံနှိပ်တိုက်

ဇော်မိုးဝင်း၊**မောင်**။(၂၀၂၁)။***မျက်မှောက်ခေတ် စာနယ်ဇင်းများ၏သတင်းရေးဟန်။*** ရန်ကုန်တက္ကသိုလ်၊ ပါရဂူဘွဲ့ကျမ်း။

တင်မောင်သန်း၊ရှိုးအိကွန်း။(၂၀၁၅)။***မီဒီယာဆက်ဆံရေး***။ ရန်ကုန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေ ရေးလုပ်ငန်း။

ပြန်ကြားရေးဝန်ကြီးဌာန။ (ခုနှစ်မပါ)။ ***သတင်းစာသင်တန်းပို့ချချက်ဘာသာ***။ ရန်ကုန်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းများ။

ဖိုးညဏ်။ (၂၀၁၂)။ ***သတင်းစာလောကကို ဖြတ်သန်းခြင်း။*** ရန်ကုန်၊ ပန်းဝေဝေစာပေ။

မြင့်ထွန်း။ (၂၀၁၃)။ ***သတင်းထောက်လက်စွဲ***။ ရန်ကုန်၊ ယဉ်မျိုးစာပေ။

မြင့်သူဇာထွန်း၊ **မ**။ (၂၀၁၄)။ ***မျက်မှောက်ခေတ်မြန်မာစာနယ်ဇင်းများမှ ခေတ်သုံးမြန်မာဝေါဟာရများ လေ့လာချက်။***

မြတ်သူ(တက္ကသိုလ်)။ (၂၀၀၉)။ ***ဘက်စုံသတင်းစာပညာ (ဒုကြိမ်)***။ ရန်ကုန်၊ ဂလိုဘယ်စာပေ။

မြန်မာစာအဖွဲ့ဦးစီးဌာန။ (၂၀၀၈)။ ***မြန်မာအဘိဓာန် (ဒုကြိမ်)***။ ရန်ကုန်၊ စာပေဗိမာန်။

ဝံသ၊ မောင်။ (၂၀၀၉)။ ***သတင်းပညာ သဘောတရားနှင့်လက်တွေ့***။ ရန်ကုန်၊ ဒေါင်းစာပေ။

ဝင်းတင်၊ ဦး၊ ဟံသာဝတီ။ (၂၀၁၂)။ ***တိုက်သုံးဟန် (သတင်းစာနှင့်ဂျာနယ်)*** ။ ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ။

တင်ဖတ်၊ (မောင်ထင်)။ (၁၉၇၅)။ ***စာနယ်ဇင်းသမိုင်းစာတမ်းများ*** ။ ရန်ကုန်၊ ပန်းဝေဝေစာပေ။

**စာသားကိုးကား သတင်းစာများ**

ကြေးမုံသတင်းစာ (၂၀၁၀- ၂၀၁၈)

ကြေးမုံ၊ ၇-၁၁-၂၀၁၅၊ စာ-၁၇

ကြေးမုံ၊ ၇-၁၁-၂၀၁၅၊ စာ-၁၈

ကြေးမုံ၊ ၂-၁၁-၂၀၁၅၊ စာ-၂၅

ကြေးမုံ၊၃-၁၁-၂၀၁၅၊ စာ-၂၂

ကြေးမုံ၊ ၉-၂-၂၀၁၅၊ စာ-၁၀

မြန်မာ့အလင်းသတင်းစာ (၂၀၁၀- ၂၀၁၈)

မြန်မာ့အလင်း၊ ၄-၁၁-၂၀၁၁၊ စာ-၂၂

မြန်မာ့အလင်း၊ ၇-၁၁-၂၀၁၁၊ စာ-၂၅

မြန်မာ့အလင်း၊ ၅-၁၁-၂၀၁၁၊ စာ-၂၂

မြန်မာ့အလင်း၊ ၆-၁၁-၂၀၁၁၊ စာ-၂၂

မြန်မာ့အလင်း၊ ၁၁-၁၁-၂၀၁၁၊ စာ-၂၅

မြန်မာ့အလင်း၊ ၁၂-၁၁-၂၀၁၁၊ စာ-၂၈

မြန်မာ့အလင်း၊ ၁၂-၁၁-၂၀၁၁၊ စာ-၂၆

မြန်မာ့အလင်း၊ ၁၄-၁၁-၂၀၁၁၊ စာ-၂၆

မြန်မာ့အလင်း၊ ၂၀-၁၁-၂၀၁၁၊ စာ-၂၀

မြန်မာ့အလင်း၊ ၂၄-၁၁-၂၀၁၁၊ စာ-၂၈